# ဒီလို အမေမျိုးလည်း ရှိတယ်



အလွန်တရာဆိုးဂါးလှတဲ့ ဟာရီကိန်းမုန်တိုင်းကြီး Hannah က ဒီအဖြူရောင်ကျားလေး နှစ်ကောင်
ကိုသူတို့အမေနဲ့ခွဲပစ်လိုက်ပါတယ် ။ Anjana ဟာကယ်ဆယ်ရေးစခန်းကိုရောက်ရှိလာပါတယ် ။ Anjana
ဆိုတာကတော့
တောင်ကယ်လီဖိုးနီးယားမှာရှိတဲ့ ကျားမျိုးဆက်ကယ်ဆယ်ရေးစခန်းကို ရောက်
ရှိလာတဲ့ မျောက်ဝံမကြီးတစ်ကောင် ဖြစ်ပါတယ် ။ သူမဟာ အံ့သြဖွယ်ရာမိခင်တစ်ဦး
ဖြစ်ပြီး ကယ်ဆယ်ရေးစခန်းနဲ့လည်း ရင်းနှီးကျွမ်းဝင်လာခဲ့ပါတယ် ။ ဒါ့အပြင်
အလုပ်တော်တော်များများကို လည်းကူလုပ်ပေးနိုင်ပါတယ် ။ ဥပမာ
နို့ဗူးတိုက်ကျွေးခြင်းလိုမျိုး ဖြစ်ပါတယ် ။ မုန်တိုင်း ကြောင့်
ကွဲကွာပြီးရောက်ရှိလာတဲ့ကျားဖြူလေးကိုလည်းသူမကပဲတာဝန်ယူပြီးထိန်းကျောင်း
ပေး ရ ပါတယ် ။

ဒါပေမယ့် ဒီနေရာမှာ အံ့သြဖွယ်ရာကောင်းတဲ့အချက်ကတော့ Anjana ဟာ အချိန်တိုင်း အကူအညီ
ဖြစ်စေမယ့်နည်းလမ်းတွေနဲ့
အလုပ်လုပ်နေခြင်းပဲ ဖြစ်ပါတယ် ။ Anjana ရဲ့ မျက်ဂန်းထဲက ချစ်စရာ ကောင်းတဲ့
အချက်ကတော့ဘယ်အချိန်ကြည့်ကြည့် ဘာမျော်လင့်ချက်မှမရှိပဲ အကူအညီပေး

နိုင်ခြင်းပဲဖြစ်ပြီး မေတ္တာဓါတ်တွေအပြည့်နဲ့ မျက်ဝန်းအစုံကို
အချိန်တိုင်းတွေ့ မြင်နိုင်ပါတယ် ။















စာရေးသူ....သက်တန့်ရှို